ဇရစ်ချောင်းကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဇရစ်ချောင်းကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဇရစ်ချောင်ကျေးရွာကျေးရွာသယံဇာတပြဓေပုံ၊ရာသီခွင်ပြပြက္ခဒိန်	၅
	ဇရစ်ချောင်ကျေးရွာကျေးရွာတွင်း/ရွာပြင်အဖွဲ့အစည်း၊ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၆
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ


ဇရစ်ချောင်ကျေးရွာ

သထုံမြို့နယ်


ရေစ်ချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်




ရေစ်ချောင်းကျေးရွာ ရာသီခွင်ပြပကွဒီန်၊ သထုံမြို့နယ်



ဧရစ်ချောင်းကျေးရွာVennDiragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်




ဧရစ်ချောင်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်



အကြောင်းအရာ	သတ်မှတ်ချက်များ			
	အလွန်ဖြေလွယ်သော အိမ်ထောင်စု	ဖြေလွယ်သော အိမ်ထောင်စု	အလွန်မဖြေလွယ်သော အိမ်ထောင်စု	အလွန်အလွန်မဖြေလွယ်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကနှင့်အထက် ၁၂.၅ ဧက	၅ ဧကမှ ၉.၉ ဧက	မရှိ	မရှိ
အိမ်အခြေအနေ	RC ခွဲခန်းတစ်ထပ်	ပျဉ်ထောင်အိမ် (သွပ်မိုး/ပျဉ်က)	သွပ်မိုး/ထရံကာ ဖက်မိုး	တဲအိမ်
ကုန်ထုတ်ကုန်ပစ္စည်း ဆိုင်းဘုတ်ဆိုင်မှု	ထောလာဂျီ/ဆိုင်ကယ် ကား/	ထောလာဂျီ/ဆိုင်ကယ်	ဆိုင်ကယ်/စက်ဘီး	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး အရောင်းအဝယ်	စိုက်ပျိုးရေး အရောင်းအဝယ်	စိုက်ပျိုးရေး ကျပန်း	ကျပန်း
အိမ်ထောင်စု	၂၀	၇၂	၂၀	၁၂

မြောက်ပိုင်း(ဆိပ်ကျွန်း)ကျေးရွာ၊ (၅)နှစ်တာ အကောင်အထည်ဖော်မည့် လုပ်ငန်းစာရင်း ၊ သထုံမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဧရစ်ချောင်ကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ ဧရစ်ချောင် ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကကြီးတောင်တန်းနှင့် အနောက်ဘက်တွင် လယ်ကွင်းပြင်နှင့် တောင်ဘက်တွင် အောင်မင်္ဂလာရပ်ကွက်နှင့် မြောက်ဘက်တွင် သင်းထော်ကျေးရွာတို့ တည်ရှိပါသည်။ ကျေးရွာတွင် ပအိုဝ်၊ ဗမာနှင့် ကရင်တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ နေထိုင်ကြပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဧရစ်ချောင်ကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော လယ်မြေကေမှာ ( )ဧကခန့်ရှိပြီး မိုးစပါးကို အဓိကထား စိုက်ပျိုးကြရပါသည်။ မြေဆီလွှာ အရည် အသွေးမှာ အသင့်အတင့်သာ ကောင်းမွန်မှုရှိပါသည်။ ကွမ်းခြံကို အဓိကစိုက်ပျိုးကြပြီး ရာဘာပင် အနည်းငယ်နှင့် ရာသီသီးနှံများဖြစ်သော ပဲ၊ ခရမ်း၊ ဘူးတို့ကို စိုက်ပျိုးလုပ်ကိုင်ခြင်းတို့ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတည်ငြိမ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ရပ်မိရပ်ဖများ ရွာသူ/သားများ ပူးပေါင်းကာ စုပေါင်းဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖများနှင့် ရွာသူ/သားများ ပူးပေါင်းကာ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာရေး/နာရေး စသည့် လူမှုရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ လုပ်ဆောင်နေကြပါသည်။ ကျေးရွာ လူပျိုခေါင်း/ အပျိုခေါင်း၊ အိုးသူကြီးများနှင့်ကာလသားသမီးအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာ၏ လုပ်ငန်းကဏ္ဍ ပေါင်းစုံတွင် စည်းရုံးပါဝင်ဆောင်ရွက်ကြပြီး အမျိုးသမီးစွမ်းအားမြှင့်တင်ရေးအဖွဲ့နှင့် ကြက်ခြေနီ အဖွဲ့ဝင်များလည်း ကျေးရွာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများရှိသည်ကို တွေ့ရှိရပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဧရစ်ချောင်ကျေးရွာတွင် ဆန်စပါးကို အဓိကထားစိုက်ပျိုးပြီး ကွမ်းနှင့်ရာသီပေါ် သီးနှံများကို စိုက်ပျိုး ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဧရစ်ချောင်ကျေးရွာရှိ ကျေးရွာသူ/သားများသည် စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သူမရှိဘဲ တစ်ပိုင်တစ်နိုင်ဖြင့်သာ နွားများ၊ ဝက်များနှင့် ကြက်များ၊ ဘဲများ အနည်းငယ်

မွေးမြူကြပါသည်။ ကျေးရွာအနီးတွင် ရေချိုချောင်းများ၊ အင်းအိုင်များမရှိသောကြောင့် ငါး၊ပုစွန်နှင့် အခြားရေနေ သတ္တဝါများ မွေးမြူခြင်းမရှိပါ။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ မွေးမြူရေး ဆိုင်ရာ အသိပညာပေးမှု နည်းပါးခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ ရှိခြင်းနှင့် အရင်းအနှီးငွေ နည်းပါးခြင်းတို့ကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမလုပ်ကိုင်သည့် အိမ်ထောင်စုများသည် ဈေးရောင်းခြင်း၊ ပန်းရံလုပ်ကိုင်ခြင်း၊ ပို့ဆောင်ရေး နှင့် ကြံရာ၊ ကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အချို့သော အိမ်ထောင်စုများသည် ရော်ဘာစေးခြစ်ခြင်း၊ ကွမ်းရွက်ရောင်းဝယ်ခြင်း၊ တစ်ပိုင်တစ်နိုင် ဈေးဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပြီး အသက်မွေးမှုနည်းပညာ အားနည်းခြင်း၊ တတ်မြောက်မှုမရှိခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု အားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရသော အိမ်ထောင်စုများလည်း ရှိပါသည်။ ထို့ကြောင့် နေ့စားကျပန်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း နည်းပညာဖြစ်သည့် (စက်ချုပ်သင်တန်း၊ ကားနှင့်ဆိုင်ကယ်ပြင်သင်တန်း၊ ဓာတ်မြေဩဇာ ထုတ်လုပ်မှုသင်တန်း၊ ဆပ်ပြာရည်သင်တန်း) စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြား စေခြင်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိလာပြီး မိသားစုစားဝတ်နေရေး အဆင်ပြေ ချောင်လည်လာမည် ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးခြင်းကြောင့် စိုက်ပျိုးရေးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ(၇)ဖြင့် အလွယ်တစ်ကူ ချေးယူနိုင်ကြပါသည်။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများ နှင့် ကျပန်း လုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်တင့်ဖြင့် ချေးငွေအနည်းငယ်သာရရှိပါသည်။ ပုဂ္ဂလိကချေးငွေ လုပ်ငန်းများမှလည်း ဝန်ဆောင်မှုများကို ရယူသူများ လည်းရှိပါသည်။ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းပါးပြီး ငွေလုံလောက်မှု မရှိခြင်းနှင့် နည်းပညာ တတ်မြောက်မှု အားနည်းခြင်း ကြောင့် ကျေးရွာ၏ လူမှုစီးပွားသည် အသင့်အတင့်သာရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဧရစ်ချောင်ကျေးရွာရှိ အိမ်ထောင်စုအချို့တွင် ဘေးတွဲဆိုင်ကယ်မောင်းခြင်း၊ ကားအငှား လိုက်ခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စက်ဘီး (၈၀) စီး၊ မော်တော် ဆိုင်ကယ် (၆၆) စီး၊ သုံးဘီးဆိုင်ကယ် (၉) စီး၊ ထော်လာဂျီ (၄) စီး၊ ကား (၁၁) စီး ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ဧရစ်ချောင်ကျေးရွာသည် ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ကောင်းမွန်ပါသည်။ ရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းများဖြစ်ကြသည်။ ကိုယ်ထူကိုယ်ထဖြင့်ကျေးရွာတစ်ပတ် ကွန်ကရစ်လမ်းခင်းခြင်းကို ရွာဦးဆရာမှ ဦးဆောင်ပြီး ရွာသူ/ရွာသားများက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဆွမ်းပို့သူများနှင့် ဆွမ်းခံကြွ ရဟန်းသံဃာများအတွက် သွားလာရအဆင်ပြေစေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ဧရစ်ချောင်ကျေးရွာတွင် ထရန်စဖော်မာတစ်လုံးရရှိပြီး မဟာဓာတ်အားလိုင်းကို အသုံးပြုသည့် အိမ်ထောင်စု(၁၀၁)စု ရှိပြီး ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးရွာတစ်ခုလုံးရှိ အိမ်ထောင်စုအားလုံးမှ လျှပ်စစ်မီးကိုသုံးစွဲခဲ့ပါသည်။ လျှပ်စစ်မီးရရှိ၍ ကျေးရွာ၏ လူနေမှုအဆင့်အတန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများတွင် တိုးတက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဧရစ်ချောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်အတွက် ဖုန်း(၁၅၀)၊ တီဗွီ(၅၇)၊ စလောင်း(၅၇) များမှရရှိပါသည်။ အခြားသောသတင်းအချက် အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့်ဆယ်အိမ်မှူးတို့ထံမှ တဆင့်သိရှိနိုင်ပါသည်။ အိမ်ထောင်စုအားလုံးတွင် လက်ကိုင်ဖုန်းများရှိကြပြီး တီဗွီ၊ ရေဒီယိုနှင့် ဂြိုလ်တုစလောင်းများ ရှိနေခြင်းကြောင့် ဆက်သွယ်ရေးတွင် အခက်အခဲမရှိဘဲ သတင်းအချက်အလက်များ သိရှိနိုင်၍ သဘာဝဘေး အန္တရာယ်မှလည်းကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ ပညာရေး

ဇရစ်ချောင်ကျေးရွာတွင် စာမတတ်သူဦးရေများမှာ မရှိသလောက်နည်းပါးပြီး သက်ကြီးရွယ်အိုအနည်းစုသာ စာမတက်သူများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် (၄၉၅) ဦး၊ အလယ်တန်းအဆင့်(၁၃၈)ဦး၊ အထက်တန်းအဆင့် (၇၆)ဦး၊ တက္ကသိုလ်/ကောလိပ်အောင်မြင်သူ (၁၁)ဦးတို့ရှိပါသည်။ လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများသည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ကို ကျေးရွာရှိ တွဲဖက်အလယ်တန်းကျောင်းတွင်လည်းကောင်း၊ အထက်တန်းအဆင့်ကို အ.ထ.က(နောင်ဘို)နှင့် အ.ထ.က(ကျိုက္ကော်)ကျောင်းတွင်လည်းကောင်း တက်ရောက်ကြပါသည်။ တက္ကသိုလ်ပညာကို မော်လမြိုင်တက္ကသိုလ်တွင် လည်းကောင်းပညာသင်ကြားနေကြပါသည်။ ဇရစ်ချောင်ကျေးရွာတွဲဖက်အလယ်တန်းကျောင်းတွင် ဆရာမ(၄၀:၁)အောက်ရှိသောကြောင့် ဆရာ/မများလည်း လုံလောက်မှုရှိပါသည်။ စာသင်ကျောင်းရှိ သောက်သုံးရေများလည်း ကောင်းမွန်လုံလောက်၍ အိမ်သာများလည်း သန့်ရှင်းမှုရှိပါသည်။ ကျေးရွာစာသင်ကျောင်းတွင် ဆရာမ(၁၁)ဦးရှိပြီး အနီးအနားကျေးရွာများတွင် နေထိုင်ကြသောကြောင့် သွားလာရေးလည်း အခက်အခဲမရှိအဆင်ပြေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဇရစ်ချောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆရာမရှိပြီး လိုအပ်သော ကာကွယ်ဆေးများကို လစဉ်ပုံမှန်ဆေးတိုက်၊ ဆေးထိုးခြင်းများ ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ထို့အပြင်(၅)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များကိုလည်း ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ အရေးပေါ် လူနာများကို သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ဆေးရုံ သို့ပို့ဆောင်ကုသရပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်ဖွင့်လှစ်ထားရှိပြီး ဆေးများကို စနစ်တကျသိုလှောင်ထားပါသည်။ ကျေးရွာတွင် ရေလောင်းအိမ်သာကို အများဆုံးသုံးစွဲကြသဖြင့် မိုးရာသီတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါ ဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ ငှက်ဖျားရာသီတွင်လည်း ငှက်ဖျားရောဂါဖြစ်ပွားသူ၊ ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဇရစ်ချောင်ကျေးရွာသည် မိုးရာသီ၌ ရေကြီးနစ်မြုပ်မှုများမရှိပါ။ မိုးရာသီကာလ၌ ရေမြောင်းများဆယ်ခြင်း၊ အမှိုက်ဆယ်ခြင်းများကို ကျေးရွာရှိ ကျေးရွာသူ/ သားများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါသောကြောင့် ရေကြီးနစ်မြုပ်မှုဘေးမှကာကွယ်နိုင်ပါသည်။ တစ်ခါတစ်ရံ

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးပဲ့တတ်သောကြောင့် လူနေအိမ်များမီးကြိုးနှင့် မလွတ်သော သစ်ပင်များကို ဝိုင်းဝန်း ခုတ်ထွင်ရှင်းလင်းကြပါသည်။

ဧရစ်ချောင်ကျေးရွာတွင် နေထိုင်သူများသည် မိသားစုစိတ်ဓါတ်အပြည့်ရှိပြီး စည်းစည်းလုံးလုံးနေထိုင်ကြသောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ စီးပွားရေးအလွန်ခက်ခဲသော အိမ်ထောင်စုအနည်းငယ်နှင့် အမျိုးသမီးဦးဆောင်သော လက်လုပ်လက်စားကျပန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။ ကျေးရွာ သားများသည် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်ခြင်း တို့ကြောင့် ၄င်းမိသားစုများ အတွက် ထိခိုက် မှုခံရနိုင်ချေနည်းပါးပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်း ဖူလုံမှုရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ကျေးရွာတွင် စွန့်ပစ်အမိုက်များကို စနစ်တကျစီမံခန့်ခွဲမှုမရှိသော်လည်း မိမိတို့အိမ်ခြံဝန်းအတွင်း စွန့်ပစ်၍ မီးရှို့ကြပါသည်။ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာသန့်ရှင်းသာယာလှပသန့်ရှင်းအောင်ဆောင်ရွက်သင့်ပါသည်။ ကျွဲ၊ နွား၊ဆိတ်တို့မှ တစ်ခါတစ်ရံလျှာနာ ခွာနာရောဂါဖြစ်တတ်ပါသည်။ ရွာသူ/ သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာနေထိုင်ကြသဖြင့် အမှုအခင်းနှင့် ပြည်တွင်းပဋိပက္ခများမရှိခဲ့ပါ။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများ ပါဝင်လုပ်ဆောင်ခြင်း မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသမီးများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသလောက်နည်းပါးပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုနှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏အသိအမြင်များရှိကြ၍ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများမရှိဘဲ အမျိုးသမီးများနှင့် အမျိုးသားများသည် စည်းစည်းလုံးလုံးရှိပြီး ကျေးရွာအတွက် အမျိုးသမီးများသည်များစွာ အထောက်အကူပြုလျက်ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဇရစ်ချောင်ကျေးရွာအုပ်စု			**ကျေးရွာအမည်** – ဇရစ်ချောင်ကျေးရွာ	
စဉ်	**ကဏ္ဍ**	**စီမံချက်ဆိုလိုရင်း**	**စီမံချက်နှင့်လုပ်ငန်းစဉ်များ**	**မှတ်ချက်**
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဇရစ်ချောင်-ကျောင်းဇရပ်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း။	ဦးစားပေး၁
၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်း။	ဦးစားပေး၂
၃	ပညာရေး		စာကြည့်တိုက်ပြန်လည်ပြုပြင်ခြင်း။	ဦးစားပေး၃
၄	အခြေခံအဆောက်အဦ	နည်းပညာ	ဇရစ်ချောင်ကျေးရွာတစ်ပတ်လိုအပ်သောနေရာများရေမြောင်းတူးဖော်ခြင်း။	ဦးစားပေး၄
၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာအဝင်တံတားကြီးပြန်လည်ပြုပြင်ခြင်း။	ဦးစားပေး၅

ဇရစ်ချောင်ကျေးရွာ၊ ဇရစ်ချောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းဇံ	ဦးဘိုကော	၁၀/သထန (နိုင်)၁၀၇၈၇၇	၅၅	ဥက္ကဋ္ဌ	၀၉-၆၈၂၆၇၈၂၂၀
၂	ဒေါ်မာမာဝင်း	ဦးငွေရ	၁၀/သထန (နိုင်) ၁၆၄၄၄၅	၄၀	အတွင်းရေးမှူး	၀၉-၄၅၂၀၇၇၉၈၂
၃	ဦးစောတင်ငွေ	ဦးကြာခင်	၁၀/သထန (နိုင်) ၀၈၀၉၄၆	၆၆	ဘဏ္ဍာရေးမှူး	၀၉-၇၆၉၂၇၁၃၂၁၁
၄	ဦးအောင်သက်ထွန်း	ဦးဖိုးသိန်း	၁၀/သထန (နိုင်) ၂၂၅၉၃၂	၂၈	စာရင်းကိုင်	၀၉-၇၅၂၀၁၆၄၅၂
၅	ဒေါ်ခိုင်စုလှိုင်	ဦးချစ်သန်း	၁၂/ရကန (နိုင်) ၀၆၁၅၆၂	၄၄	အဖွဲ့ဝင်	၀၉-၇၉၁၈၃၅၁၁၃
၆	ဒေါ်စိန်မြိုင်	ဦးဟန်ဖေ	၁၀/သထန (နိုင်) ၁၄၂၃၆၉	၆၃	အဖွဲ့ဝင်	၀၉-၉၇၀၆၄၉၆၄၄
၇	ဦးမောင်ငယ်	ဦးမောင်တာထီး	၁၀/သထန (နိုင်) ၁၀၇၇၃၃	၅၅	အဖွဲ့ဝင်	-
	ဝယ်ယူရေးကော်မတီ					
၁	ဒေါ်ခိုင်စုလှိုင်				ဥက္ကဋ္ဌ	
၂	ဦးအောင်သက်ထွန်း				ဘဏ္ဍာရေးမှူး	
၃	ဦးမောင်ငယ်				စာရင်းကိုင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	3	3	6	-	-
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	5	4	9	-	-
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	37	22	59	-	-
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	24	21	45	-	-
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	308	295	603	၁	၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	19	24	43	-	-
စုစုပေါင်း		**396**	**369**	**765**	**၁**	**၁**
စုစုပေါင်း အိမ်ထောင်စု		**124**				

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ဇရစ်ချောင်ကျေးရွာတွင် အိမ်ထောင်စု (၁၂၄)စု၊ အိမ်ခြေ(၁၃၉)အိမ်၊ လူဦးရေ (၇၆၆)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၆)ဦး၊ ၅နှစ်အောက် ကလေးငယ်(၉)ဦး၊ မူလတန်းကျောင်းသားအရွယ် (၅၉)ဦး၊ အလယ်တန်းကျောင်းသား အရွယ် (၄၅)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၀၃)၊ သက်ကြီးရွယ်ကြီးအရွယ် (၄၃)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၅.၆၂) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၃၀၈) ဦး၊ မ (၂၉၅) ဦး စုစုပေါင်း (၆၀၃) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၇၈.၈၂%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွားလုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	46	70	-	53	11	5	မြင့်□ လတ်✓ နိမ့်□
	အလုပ်သမား/ဝန်ထမ်း	1	3	-	2	1	24	မြင့်□ လတ်✓ နိမ့်□
၂	တိရိစ္ဆာန်မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့်□
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့်□
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့်□
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့်□

၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	1	1	-	1	-	-	မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	**1**	**-**	**-**	**3**	**-**	-	မြင့်□ လတ်✓ နိမ့် □
၉	ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း						1	မြင့်□ လတ်✓ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)							
	ကိုယ်ပိုင် လုပ်ငန်း	1	1	-	-	1	-	မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	**-**	**-**	-	**-**	**-**	1	မြင့်□ လတ်✓ နိမ့် □
၁၁	လက်လီ၊လက်ကားရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	**7**	**9**	**-**	**4**	**5**	**-**	မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား /ဝန်ထမ်း						**5**	မြင့်□ လတ်✓ နိမ့် □
၁၂	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □

၁၃	ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	1	1	-	1	-	-	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	-	-	-	-	-	4	မြင့် □ လတ်✓ နိမ့် □
၁၄	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့် ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း						1	မြင့် □ လတ်✓ နိမ့် □
၁၆	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း						-	မြင့် □ လတ် □ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း						-	မြင့် □ လတ် □ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း						1	မြင့် □ လတ်✓ နိမ့် □
၁၉	လူမှုရေးလုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ် □ နိမ့် □

၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့်□ လတ်□ နိမ့်□**
	အလုပ်သမား /ကျပန်း/ရာသီအလိုက် အလုပ်သမား	**66**	**87**	**-**	**51**	**36**	**180**	**မြင့်□ လတ်✓ နိမ့် □**
၂၁	**ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား /ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
	စုစုပေါင်း	**124**	386		114	55	221	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဇရစ်ချောင်းကျေးရွာရှိ အိမ်ထောင်စုများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိဘဲ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကျန်းမာရေးဝန်ထမ်း၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေးနှင့် ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ တစ်နိုင်တစ်ပိုင် ဈေးဆိုင်များနှင့် ကျပန်းလုပ်ကိုင်နေသူများလည်း ရှိပါသည်။ ထို့အပြင် ကျေးရွာတွင်အလုပ်အကိုင် အခွင့်အလမ်းနည်းသောကြောင့် ပြင်ပတွင်သွားရောက် လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ အခြား အသက်မွေးမှုပညာ တက်မြောက်မှုနည်းပါးဖြင့် သက်မွေးဝမ်းကျောင်း နည်းပညာပံ့ပိုးမှုများ လိုအပ်လျက် ရှိပါသည်။ ကျေးရွာရှိပြည်သူများ၏ ဝင်ငွေရလုပ်ငန်းများ နည်းပါးနေ၍ မိသားစုဘဝရပ်တည်နိုင်မှု အဆင့်အတန်းမှာ နိမ့်ကျနေပါသည်ကို လေ့လာ တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၈၀၀၀	၁၀၀၀၀	၆၀၀၀
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	၁၀၀၀၀	-	၇၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၈၀၀၀	၇၀၀၀	၆၀၀၀	၅၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ ဇရစ်ချောင်ကျေးရွာ၏ အလုပ်ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုနှင့် အလုပ်လုပ်နိုင်မှု အပေါ်မူတည်၍ ယောကျ်ားလေး၏ ဝင်ငွေသည် မိန်းကလေး၏ဝင်ငွေထက် အနည်းငယ် ပိုရရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားလေးများ၏ လုပ်ကိုင်မှုစွမ်းရည်သည် မိန်းကလေးများ ထက်သာလွန်ပြီး အလုပ်လိုအပ်ချက်မှာ ယောကျ်ားလေးများကိုသာ အဓိကအားထားရသောကြောင့် လုပ်ငန်း ကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မဝင်ငွေ ကွာခြားရခြင်းဖြစ်ပါသည်။ ပြည်တွင်းပြည်ပရွှေ့ပြောင်း သွားရောက် လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိနိုင်သောကြောင့် လုပ်အားခ ပမာဏကို မသိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	**352**	ကောင်း ☐	သင့်✓☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	**23.7**	ကောင်း☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနီတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	**-**	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**375.7**	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဧရစ်ချောင်ကျေးရွာအတွင်းရှိ လယ်မြေဧက(၃၅၂)ဧကနှင့် ဥယျာဉ်ခြံ(၂၃.၇)ဧက ခန့်တည်ရှိပြီး ကျေးရွာရှိ လယ်လုပ်သူများနည်းပါးပြီး ရွာသားများမှာ လယ်ဧက ပိုင်ဆိုင်မှုနည်းနေပါးခြင်းနှင့် လယ်မြေများ၏ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရှိရပြီး မြေလွတ်မြေလပ်၊ စားကျက်၊ ကိုင်း၊ ကျွန်း၊ ယာမြေများမရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီး ပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ☐	လျော့ ✓☐ တိုး☐ အပြောင်းအလဲမရှိပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း✓ မရှိ ☐	လွယ်✓ ခက်☐ အသုံးမပြုနိုင်ပါ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
သစ်တော-ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဧရစ်ချောင်ကျေးရွာတွင်ဓာတ်သတ္တုနှင့် တွင်းထွက်ပစ္စည်းများ မရှိပါ။ ကျောက်စရစ်နှင့် သဲများကို ဒုံဝန်းကျေးရွာ၊ ကရင်ပြည်နယ် မြိုင်ကလေးနှင့် ဘီးလင်းမြို့မှ သွားရောက်ဝယ်ယူ၍ အသုံးပြုလျက် ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် တောင်တန်းငယ်တစ်ခုရှိပြီး သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန် မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၀မှ ၂၀) ဧကအထက်	(၅မှ ၁၀) ဧကအထက်	မရှိ	မရှိ
အိမ်အခြေအနေ	အုတ်ကာ၊နှစ်ထပ် ပျဉ်ထောင် ပျဉ်ခင်း၊ သွပ်မိုး	သွပ်မိုး၊ ပျဉ်ထောင်/ခင်း	ဖက်မိုး/ဖက်ကာ၊ ဧလီကာ	ဖက်မိုးဖက်ကာ၊ ဝါးအခင်း
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ် လက်တွန်းစက် ထော်လာဂျီ	ထော်လာဂျီ၊စက်ဘီး၊ ဆိုင်ကယ်	ဆိုင်ကယ်၊စက်ဘီး	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	လယ်	လယ်၊ဈေးရောင်း	ကြံရာကျပန်း၊ ထိုင်း	ကြံရာကျပန်း၊ ထိုင်း
အိမ်ထောင်စု	၂၀	၇၂	၂၀	၁၂

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ဧရစ်ချောင်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုအနည်းငယ်သာရှိပြီး ကိုယ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် ခြံလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနှုတ်၊ ရော်ဘာစေးခြစ်ခြင်းစသည့် ရာသီအလိုက်ကြံရာကျပန်းလုပ်ငန်းများနှင့် ပြည်ပနိုင်ငံများတွင်သွားရောက် လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိ ရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

……

……

……

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဇရစ်ချောင်ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိပါ။ အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြသောကြောင့် ထိခိုက်လွယ်မှု အခြေအနေမရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း		✓				✓
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် အစီအမံများ)		
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငန်ဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း	✓					✓
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓					✓
၁၅	ကန်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓				✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ)		✓			✓	
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓				✓	
၂၁	၄က်ဖျားရောဂါ	✓					✓
၂၂	တီဘီရောဂါ	✓					✓
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓					✓
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်း ပဋိပက္ခ	✓					✓
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	✓					✓
၂၇	လူကုန်ကူးခြင်း	✓					✓
၂၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	✓					✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဇရစ်ချောင်ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြပြီး စပါးများကို မိုးရေဖြင့်သာစိုက်ပျိုးကြပါသည်။ ကွမ်းနှင့်ရာသီ သီးနှံစိုက်ပျိုးခြင်းတွင် အခက်အခဲ မရှိသော်လည်း နွေရာသီတွင် ရေခမ်းသဖြင့် သောက်သုံးရေ အခက်အခဲရှိပါသည်။ ရွာသူ/သားများ စည်းစည်း လုံးလုံးနှင့် အတူတကွ လုပ်ကိုင်ကြသောကြောင့် ပဋိပက္ခများမရှိပါ။ ရာသီဥတု ကူးပြောင်းချိန်တွင် ရွက်စားပိုးနှင့် သီးဖောက်ပိုးများ ကျရောက်တက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	✓					✓
၃	ဆင်းရဲသားတောင်သူ		✓				✓
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	✓					✓
၅	ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်း နေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ		✓			✓	
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ	✓					✓
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					✓
၁၈	ကားမောင်းပြီး အသက်မွေးသူများ		✓				✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဇရစ်ချောင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု အနည်းငယ်ရှိသော်လည်း လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအများအပြားရှိသဖြင့် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထပ်ပို၍

ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ကားမောင်း၍ အသက်မွေးမြူပြုကြသည့် အိမ်ထောင်စုနှင့် နေရပ်ပြန်လည် အခြေချသော အိမ်ထောင်စုများ နည်းပါးပြီး ၎င်းအိမ်ထောင်စုများသည် ထိခိုက်လွယ်မှု နည်းကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
				မ	ပေါင်း		
၁	အုပ်ချုပ်ရေးနှင့် ရပ်မိရပ်ဖ	၁☐ ၂✓ ၃☐	7	2	9	ပညာရေး ✓ ဌေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၂	ကာလသား/ ကာလသမီး	၁☐ ၂✓ ၃☐	35	30	65	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၃	ကြက်ခြေနီ	၁☐ ၂✓ ၃☐	3	5	8	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐✓ ညံ့ ☐
၄	ကျောင်းအကျိုး တော်ဆောင်	၁☐ ၂✓ ၃☐	**2**	3	**5**	ပညာရေး ✓ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၅	အိုးသူကြီး	၁☐ ၂✓ ၃☐	**3**	2	**5**	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၆	ဆွမ်းကျွေးအဖွဲ့	၁☐ ၂✓ ၃☐	10	**10**	**20**	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
				မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇	**လမ်းကော်မတီ**	၁☐ ၂✓ ၃☐	6	3	9	ပညာရေး ☐ ဌေကြေး ✓ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ဇရစ်ချောင်ကျေးရွာ၏ အုပ်ချုပ်ရေးတွင် အမျိုးသမီးများလည်း ပါဝင်ဖွဲ့စည်းထားပါသည်။ ရပ်မိရပ်ဖမှလည်း ကျေးရွာ၏ ကောင်းမွန်စွာစီမံအုပ်ချုပ်နိုင်ပါသည်။ ကျောင်းအကျိုး တော်ဆောင်အဖွဲ့မှ ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးငယ်များ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် ဆောင်ရွက်နေပါသည်။ ဆွမ်းကျွေးအဖွဲ့၊ အိုးသူကြီး ကာလသမီး ကာလသားများသည် ကျေးရွာ၏ သာရေး/နာရေးနှင့် အခြားသောပရဟိတ လုပ်ငန်းများတွင် အတူတကွစုပေါင်း လုပ်ကိုင်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

